## ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်

အောက်ဖော်ပြပါ စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးသုံးသပ်ချက် (“MD&A”) သည် Amata Holding Public Company Limited (“ကုမ္ပဏီ” သို့မဟုတ် “လုပ်ငန်းအုပ်စု”) ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာ ကာလအတွက် ဘဏ္ဍာရေးအခြေအနေနှင့် ရလဒ်များကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ခြောက်လတာ ကာလနှင့် နှိုင်းယှဉ်၍ ဆွေးနွေးထားခြင်း ဖြစ်ပါသည်။

ဤဆွေးနွေးသုံးသပ်ချက်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့နှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တို့တွင် ကုန်ဆုံးသော ကာလအတွက် စာရင်းစစ်မှ သုံးသပ်ထားသော ပေါင်းစည်း ဘဏ္ဍာရေး အစီရင်ခံစာများနှင့် ၎င်းတို့နှင့်အတူ ပါဝင်သော မှတ်စုများဖြင့် အတူတကွ ဖတ်ရှုသင့်ပါသည်။ ကုမ္ပဏီနှင့် ပတ်သက်သော အချက်အလက်များကို https://www.amataholding.com/ တွင် ရရှိနိုင်ပါသည်။ ၎င်းတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့နှင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တို့တွင် ကုန်ဆုံးသော ကာလများ အတွက် စာရင်းစစ်မှ သုံးသပ်ထားသော နှစ်ဝက်စာ ပေါင်းစည်း ဘဏ္ဍာရေးအစီရင်ခံစာများ ပါဝင်ပါသည်။

ဤ MD&A တွင် သီးခြား ဖော်ပြထားခြင်း မရှိလျှင် ပြသထားသော ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အားလုံး၊ ဇယားများပါ ပမာဏများ အပါအဝင်ကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

### ခြုံငုံသုံးသပ်ချက်

ကုမ္ပဏီ၏ အဓိကလုပ်ငန်းများမှာ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ပါသည်။ ကုမ္ပဏီသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် Amata အမှတ်တံဆိပ်ပါ ဟိုတယ်နှင့် အပန်းဖြေစခန်းလုပ်ငန်း ၅ ခု ကို လည်ပတ်လျက်ရှိပြီး Oriental Ballooning Service အမည်ဖြင့် လူစီးမီးပုံးပျံ လုပ်ငန်းကိုလည်း လည်ပတ် လုပ်ကိုင်လျက် ရှိပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ခြောက်လတာ ကာလသည် ကျွန်ုပ်တို့၏ လုပ်ငန်းအတွက် ညှို့သည်အဝင်ပါးသော ရာသီ ဖြစ်ပါသည်။ ယေဘူယျအားဖြင့် ခရီးသွားရာသီ မဟုတ်သော မေလမှ စက်တင်ဘာလ အတွင်းတွင် လုပ်ငန်းအုပ်စု၏ ဝင်ငွေသည် ပွင့်လင်းရာသီ ဖြစ်သော အောက်တိုဘာလမှ ဧပြီလအတွင်း ရရှိသော လုပ်ငန်းအုပ်စု၏ ဝင်ငွေထက် နည်းပါးပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် ကုန်ကျစရိတ်များကို လျှော့ချရန်အတွက် ဟိုတယ်လုပ်ငန်းအချို့နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများကို ယာယီ ပိတ်သိမ်းခဲ့ပါသည်။

### ၁။ လုပ်ငန်းဆောင်ရွက်မှု ရလဒ်များ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက်ကာလ နှင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်ဝက်ကာလများအတွင်း ကျွန်ုပ်တို့ လုပ်ငန်းအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ စွမ်းဆောင်ချက်များကို အောက်တွင် ဖော်ပြထားပါသည်။

| (ကျပ် '၀၀၀) | ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက် - ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက် - ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက် | ပြောင်းလဲမှု ရာခိုင်နှုန်းများ |
|---|---|---|---|
| **ဝင်ငွေ** | | | |
| အခန်းငှားရမ်းခြင်း | ၁၃၃,၆၆၇ | ၇၄၄,၁၀၁ | **-၈၂%** |
| လူစီးမီးပုံးပျံဝန်ဆောင်မှု | - | - | |
| အစားအသောက်နှင့်အဖျော်ယမကာ | ၇၄,၅၂၃ | ၃၂၈,၁၁၅ | **-၇၇%** |
| အခြားဝင်ငွေ | ၁၃,၁၁၃ | ၆၄,၂၅၃ | **-၈၀%** |

| | | | |
|---|---|---|---|
| **စုစုပေါင်း** | ၂၂၁,၃၀၃ | ၁,၁၃၆,၆၆၉ | -၈၁% |
| **ရောင်းချမှုအတွက်ကုန်ကျစရိတ်** | | | |
| စီမံခန့်ခွဲမှုနှင့် အထွေထွေကုန်ကျစရိတ် | ၁၀၅,၄၁၉ | ၂၂၅,၈၉၀ | -၅၃% |
| အစားအသောက်နှင့်အဖျော်ယမကာ | ၇၆,၃၉၃ | ၂၆၂,၁၁၅ | -၇၁% |
| အခြားဝင်ငွေ | ၅,၆၃၁ | ၇,၉၅၅ | -၂၉% |
| **စုစုပေါင်း** | **၁၈၇,၄၄၃** | **၄၉၅,၉၆၀** | **-၆၂%** |
| **အကြမ်းအမြတ်** | **၃၃,၈၆၀** | **၆၄၀,၇၀၉** | **-၉၅%** |
| **အခြားဝင်ငွေ** | **၇၂၉** | **၂,၅၃၄** | **-၇၁%** |
| **အခြားကုန်ကျစရိတ်** | **(၆၁၉,၈၄၄)** | **(၉၀၄,၆၁၂)** | **-၃၁%** |
| **တန်ဖိုးကျခြင်းကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများ** | **(၁,၃၃၈,၉၂၃)** | **-** | **-** |
| **EBITDA** | **(၁,၉၂၄,၁၇၈)** | **(၂၆၁,၃၆၉)** | **၆၃၆%** |
| **EBIT** | **(၂,၅၉၁,၀၄၈)** | **(၉၈၇,၂၅၄)** | **၁၆၂%** |
| **အတိုးစရိတ်** | (၁,၄၈၄,၃၃၇) | (၉၇၆,၇၁၇) | **၅၂%** |
| **အခွန်မလျာထားမီ အသားတင်အရှုံး** | **(၄,၀၇၅,၃၈၅)** | **(၁,၉၆၆,၉၇၁)** | **၁၀၇%** |
| **အခြားဝင်ငွေအလုံးစုံ** | **(၄,၀၆၃,၄၉၆)** | **(၁,၉၄၈,၃၃၀)** | **၁၀၉%** |

## လုပ်ငန်းလည်ပတ်မှုမှ ရရှိသော ဝင်ငွေ

လုပ်ငန်းအုပ်စု၏ အဓိကဝင်ငွေကို ဟိုတယ်လုပ်ငန်းနှင့် လူစီးမီးပုံးပျံလုပ်ငန်းမှ ရရှိပြီး စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုများမှလည်း ဝင်ငွေ ရရှိပါသည်။ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများသည် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ခြောက်လခြား ခရီးသွားရာသီ မဟုတ်သော ရာသီကာလအတွင်း နှေးကွေးလေ့ ရှိပါသည်။ ထိုကာလအတွင်း လုပ်ငန်းအုပ်စုအနေဖြင့် လူစီးမီးပုံးပျံ ဝန်ဆောင်မှု လုပ်ငန်းအား ဝန်ဆောင်မှု မပေးပါ။ လက်ရှိ ခြောက်လတာ ဘဏ္ဍာရေးကာလအတွင်း လုပ်ငန်းအုပ်စု၏ စုစုပေါင်း လုပ်ငန်းလည်ပတ်မှုမှ ရရှိသော ဝင်ငွေသည် ယခင်နှစ် ခြောက်လတာ ဘဏ္ဍာရေးကာလထက် ၈၁% လျော့နည်းခဲ့ပါသည်။

## အရောင်းစရိတ်

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းအုပ်စု၏ အရောင်းစရိတ်မှာ ၁၈၇,၄၄၂ (ကျပ် ထောင်ပေါင်း) ဖြစ်ပြီး ယခင်နှစ် အလားတူ ကာလထက် ၆၂% လျော့နည်းခဲ့ပါသည်။ ဤအချက်က လုပ်ငန်းအုပ်စုသည် အဓိကလုပ်ငန်းများ၏ လည်ပတ်စရိတ်ကို အနည်းဆုံးအဆင့်တွင် ထိန်းချုပ်ထားရှိခဲ့ကြောင်း ပြသနေပါသည်။

## အခြားစရိတ်များ

အခြားစရိတ်များတွင် စီမံခန့်ခွဲမှုနှင့် အထွေထွေကုန်ကျစရိတ်များ၊ အရောင်းစရိတ်နှင့် ဈေးကွက်ရှာဖွေခြင်း ကုန်ကျစရိတ်များ၊ အဆောက်အဦ မွမ်းမံထိန်းသိမ်းခြင်းအတွက် ကုန်ကျစရိတ်များ၊ ရေခွန်၊ မီးခွန်၊ မီးဖိုးနှင့် ငွေလဲလှယ်မှုကွာခြားမှု စရိတ်များ စသည်တို့ ပါဝင်ပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းအုပ်စု၏ အခြားစရိတ်များမှာ (၆၁၉,၈၄၄) (ကျပ် ထောင်ပေါင်း) ဖြစ်ပြီး ယခင်နှစ် အလားတူ ကာလထက် ၃၁% လျော့နည်းခဲ့ပါသည်။ ဤလျော့နည်းမှုသည် အဓိကအားဖြင့် ရေခွန်၊ မီးခွန်နှင့် လုပ်ငန်း

လည်ပတ်မှု စရိတ်များကို အနည်းဆုံးအဆင့်တွင် ထိန်းသိမ်းထားပြီး အကောင်းဆုံးလည်ပတ်မှု ထိရောက်မှုရရှိရန် စရိတ်သက်သာရေး အစီအမံများကြောင့် ဖြစ်ပါသည်။

**နိုင်ငံခြားငွေကြေးပြောင်းလဲသတ်မှတ်မှု နှင့် လဲလှယ်မှု အမြတ်/အရှုံး (Foreign Currency Exchange Gain/Loss)**

လုပ်ငန်းအုပ်စု အနေဖြင့် ယခုဘဏ္ဍာရေးစာရင်း ရေးဆွဲရာတွင် နိုင်ငံခြားငွေဖြင့် ဖော်ပြထားသော ရရန်ရှိ၊ ပေးရန်ရှိများအား မြန်မာကျပ်သို့ ပြောင်းလဲရာတွင် တွက်ချက်ထားသော နိုင်ငံခြားငွေလဲနှုန်းမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ကိုးကားနှုန်း (CBM reference rate) နှုန်းထားအတိုင်း ဖြစ်ပြီး ယခင်နှစ်က တွက်ချက်ထားသည့် နှုန်းထားအတိုင်း ဖြစ်၍ လုပ်ငန်းအုပ်စုအနေဖြင့် ယင်းသို့ ငွေကြေးအမျိုးအစား ပြောင်းလဲဖော်ပြရာ၌ ဖြစ်ပေါ်လာသည့် ငွေလဲလှယ်နှုန်းအရှုံး (Exchange Rate Differential - Unrealized) များ၏ သက်ရောက်မှုမှာ လျော့နည်းခဲ့ပါသည်။ ထို့အပြင် နိုင်ငံခြားငွေဖြင့် ပေးချေခဲ့ရသော စရိတ်အချို့ကို စာရင်းရေးသွင်းရာတွင် ပေါ်ပေါက်လာသော ငွေလဲလှယ်နှုန်းအရှုံး (Exchange Rate Differential - Realized) မှာလည်း ယခင်နှစ်ထက် နည်းပါးခဲ့ပါသည်။

| (ကျပ် '၀၀၀)<br>**နိုင်ငံခြားငွေလဲလှယ်မှု ခြားနားချက်များ** | **၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်** | **၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်** | **ပြောင်းလဲမှု ရာခိုင်နှုန်းများ** |
|---|---:|---:|---:|
| နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ<br>- အမှန်ပေါ်ပေါက်သော | ၁၀,၇၀၆ | ၃၀,၈၂၁ | -၆၅.၃% |
| နိုင်ငံခြားငွေလဲလှယ်မှုခြားနားချက်များ<br>- အမှန်မပေါ်ပေါက်သော | ၁၁၃ | (၁၇,၃၇၆) | -၁၀၀.၇% |
| **စုစုပေါင်း** | ၁၀,၈၁၉ | ၁၃,၄၄၅ | -၁၉.၅% |

**တန်ဖိုးကျ၍ ဆုံးရှုံးမှုများ**

လုပ်ငန်းအုပ်စု၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော United International Group Limited မှ လုပ်ဆောင်လျက်ရှိသော Amata Resort and Spa – Ngapali အား ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကြိုတင်စီစဉ်ထားခြင်း မရှိသော တန်ဖိုးကျ၍ ဆုံးရှုံးမှု သုံးသပ်မှု တစ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး၊ ထိုသုံးသပ်မှုရလဒ်အရ တန်ဖိုးကျ၍ ဆုံးရှုံးမှု ၁,၃၃၈,၉၂၃ (ကျပ်ထောင်ပေါင်း) ကို စာရင်းညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

**အတိုးစရိတ်**

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းအုပ်စု၏ အတိုးစရိတ်မှာ ၁,၄၈၄,၃၃၇(ကျပ်ထောင်ပေါင်း)ရှိခဲ့ပြီး၊ ယခင်နှစ် ကာလထက် ၅၂% တိုးလာခဲ့ပါသည်။ ဤတိုးလာမှုသည် ချေးငွေ၏ အတိုးနှုန်း တိုးလာခြင်းကြောင့် ဖြစ်ပါသည်။

**ကာလအတွင်း အမြတ် (သို့မဟုတ်) အရှုံး**

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း လုပ်ငန်းအုပ်စုသည် အသားတင်အရှုံး (၄,၀၆၃,၄၉၆) (ကျပ် ထောင်ပေါင်း) ရှိခဲ့ပါသည်။ ယင်းအား ယခင်နှစ် အလားတူကာလတွင် ရှိခဲ့သော အသားတင်အရှုံး (၁,၉၄၈,၃၃၀) (ကျပ် ထောင်ပေါင်း) ဖြင့် ယှဉ်ကြည့်ရာတွင် ယခုနှစ်အရှုံးသည် အဓိကအားဖြင့် ဟိုတယ်လုပ်ငန်းမှ အမြတ်ငွေသိသိသာသာ ကျဆင်းခြင်းနှင့် တချို့ ဟိုတယ်များကို ယာယီ ပိတ်သိမ်းခဲ့သော်လည်း ၎င်းတို့တွင် ပုံသေကုန်ကျစရိတ်များ ရှိနေဆဲဖြစ်ခြင်း၊ ထို့အပြင် United International Group Limited မှ လည်ပတ်သည့် Amata

Resort and Spa – Ngapali သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ကြိုတင်စီစဉ်ထားခြင်း မရှိသော တန်ဖိုးကျဆုံးရှုံးနိုင်ခြေ ရှိ မရှိ သုံးသပ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

### ၂။ ဘဏ္ဍာရေးအခြေအနေ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေ၏ အနှစ်ချုပ်ရှင်းတမ်းကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့် နှိုင်းယှဉ်၍ ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ သုံးသပ်ချက်များကို ဖော်ပြအပ်ပါသည်.

**လက်ငင်းမဟုတ်သောရပိုင်ခွင့်များ (Non-Current Assets)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းမဟုတ်သောရပိုင်ခွင့်များတွင် ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများ၌ အသုံးပြုသော ပုံသေပိုင်ပစ္စည်းများ (Property, plant and equipment) များ အဓိကပါဝင်ပါသည်။ ပုံသေပိုင်ပစ္စည်းများ ၄.၂ ရာခိုင်နှုန်း ကျဆင်းရခြင်းမှာ "Amata Resort and Spa – Ngapali" အပန်းဖြေစခန်း အနေဖြင့် လက်ရှိရခိုင်ဒေသတွင် ဖြစ်ပေါ်ပြောင်းလဲမှုများ၏ သက်ရောက်မှုများနှင့်၊ Covid-19 ရောဂါ၏ ကြွင်းကျန်သော သက်ရောက်မှုများကြောင့် အပန်းဖြေစခန်း၏ တန်ဖိုးကျ၍ ဆုံးရှုံးခြင်း၊  ဟိုတယ်နှင့် လူစီးမီးပုံးပျံဝန်ဆောင်မှု လုပ်ငန်းများတွင် အသုံးပြုသည့် ထိတွေ့နိုင်သောပစ္စည်းများ (tangible assets) နှင့် မထိတွေ့နိုင်သောပစ္စည်းများ (intangible assets) ၏ တန်ဖိုးလျော့စရိတ် (depreciation & amortization) ကြောင့် ဖြစ်ပါသည်။

| (ကျပ် '၀၀၀) | **၂၀၂၄ ခုနှစ်<br>စက်တင်ဘာလ ၃၀ ရက်** | **၂၀၂၄ ခုနှစ်<br>မတ်လ ၃၁ ရက်** | **ပြောင်းလဲမှု<br>ရာခိုင်နှုန်းများ** |
|---|---|---|---|
| **လက်ငင်းမဟုတ်သောရပိုင်ခွင့်များ** | ၄၇,၁၈၀,၉၀၇ | ၄၉,၂၃၁,၂၁၆ | -၄.၂% |

**လက်ငင်းရပိုင်ခွင့်များ (Current Assets)**

ကျွန်ုပ်တို့လုပ်ငန်းအုပ်စု၏ လက်ငင်းရပိုင်ခွင့်များထဲတွင် ကုန်ပစ္စည်းလက်ကျန်များ၊ ရရန်ရှိများ၊ ကြိုတင်ပေးထားငွေများ၊ ပတ်သက်ဆက်နွယ်သူများထံမှရရန်ရှိများ (amount due from related parties) နှင့် ငွေသားနှင့် ငွေသားကဲ့သို့သော အလားတူများ (cash and cash equivalents)များ ပါဝင်သည်။ လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလကို ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၃၁.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ယင်းမှာ ယခုကာလတွင် ကုန်လက်ကျန်များကို လျော့ချ၍ သိုလှောင်ခြင်း၊ ရရန်ရှိများ အချိန်မီ ရရှိ ကောက်ခံနိုင်ခြင်းနှင့် ဟိုတယ်လုပ်ငန်းမှ ဝင်ငွေရရှိမှု ကျဆင်းခဲ့သောကြောင့် ငွေသားလက်ကျန် လျော့နည်းသွားခြင်း တို့ကြောင့် ဖြစ်ပါသည်။

| (ကျပ် '၀၀၀) | **၂၀၂၄ ခုနှစ်<br>စက်တင်ဘာလ ၃၀ ရက်** | **၂၀၂၄ ခုနှစ်<br>မတ်လ ၃၁ ရက်** | **ပြောင်းလဲမှု<br>ရာခိုင်နှုန်းများ** |
|---|---|---|---|
| **လက်ငင်းရပိုင်ခွင့်များ** | ၁၉၁,၀၅၀ | ၂၇၈,၄၀၅ | -၃၁.၄ % |

### လက်ငင်းပေးရန်တာဝန်များ (Current Liabilities)

လုပ်ငန်းအုပ်စု၏ အဓိကကျသော လက်ငင်းပေးရန်တာဝန်များတွင် ကာလရှည်ချေးငွေများမှ တစ်နှစ်အတွင်း ပေးရန်တာဝန်များ၊ ကြိုတင်အသုံးပြုထားသော စရိတ်များအတွက် ပေးရန်တာဝန်များ၊ ပေးချေရနိုင်သောအခွန်၊ လျာထားအသုံးစရိတ်များအတွက် ပေးရန်တာဝန်နှင့် ကြိုတင်တောင်းခံထားသော စရံငွေ၊ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိများနှင့် အခြားပေးရန်တာဝန်များ၊ ယင်းတွင် ကော်မရှင်နှင့် အခြား အထွေထွေ အရပ်ရပ်များ တို့ပါဝင်ပါသည်။ ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာရေးကာလတွင် လက်ငင်းပေးရန်တာဝန်မှာ ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယင်းသို့ဖြစ်ရသည့် အဓိက အကြောင်းအရင်းမှာ ပတ်သက်ဆက်နွယ်သူများထံသို့ ပေးရန်ရှိ အချို့ကို ပေးဆပ်လိုက်သည့်အတွက် ပေးရန်ရှိ တစ်စိတ်တစ်ပိုင်း လျော့ကျခဲ့သော်လည်း၊ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေအတွက် လက်ငင်းပေးဆပ်ရမည့် ကြွေးမြီတန်ဖိုး မြင့်တက်လာခြင်းနှင့် လုပ်ငန်းလည်ပတ်စရိတ်များ မြင့်တက်လာပြီး ပေးရန်ရှိအချို့ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

| (ကျပ် '၀၀၀) | ၂၀၂၄ ခုနှစ်<br>စက်တင်ဘာလ ၃၀ ရက် | ၂၀၂၄ ခုနှစ်<br>မတ်လ ၃၁ ရက် | ပြောင်းလဲမှု<br>ရာခိုင်နှုန်းများ |
|---|---|---|---|
| **လက်ငင်းပေးရန်တာဝန်များ** | ၂၉,၄၇၂,၂၅၁ | ၂၅,၈၆၁,၁၂၈ | ၁၄.၀% |

### လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ (Non-Current Liabilities)

လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များတွင် ကာလရှည်ချေးငွေများ၊ အခြားကာလရှည် ပေးရန်ရှိ တာဝန်များအပြင် ကာလရှည် မြေငှားရမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ပေးရန်တာဝန် (finance lease obligation) များ ပါဝင်ပါသည်။ ယခုဘဏ္ဍာရေးကာလနှင့် ယခင်ဘဏ္ဍာရေးနှစ် နှိုင်းယှဉ်ပါက ၁၄.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ရခြင်းမှာ လာမည့်နှစ်တွင် ပေးဆပ်ရမည့် ကြွေးမြီအရစ်အား စာရင်းရေးဆွဲခြင်းစံအရ လက်ငင်း(ကာလတို) ပေးရန်ရှိတာဝန်သို့ ရွှေ့ပြောင်းဖော်ပြခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

| (ကျပ် '၀၀၀) | ၂၀၂၄ ခုနှစ်<br>စက်တင်ဘာလ ၃၀ ရက် | ၂၀၂၄ ခုနှစ်<br>မတ်လ ၃၁ ရက် | ပြောင်းလဲမှု<br>ရာခိုင်နှုန်းများ |
|---|---|---|---|
| **လက်ငင်းမဟုတ်သောပေးရန်ရှိတာဝန်များ** | ၉,၈၃၇,၁၆၈ | ၁၁,၅၂၂,၅၂၇ | -၁၄.၆% |

### ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity)

ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်ခွင့်များ (Total Equity) တွင် အစုရှယ်ယာမတည်ရင်းနှီးငွေ၊ ထိန်းသိမ်းထားရှိသော အမြတ်ငွေလက်ကျန် (Retained Earnings) နှင့် ထိန်းချုပ်ထားခြင်းမရှိသော အကျိုးခံစားခွင့် Non-Controlling Interest (NCI) တို့ ပါဝင်သည်။ ရှယ်ယာရှင်များ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် ယခင် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ယခု ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးကာလတွင် ၃၃.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းမှာ ၂၀၂၄ ခုနှစ် ဧပြီလ ၁ရက်နေ့ မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း ပေါ်ပေါက်ခဲ့သော အရှုံးနှင့် United International Group Limited မှ လည်ပတ်သည့်

Amata Resort and Spa – Ngapali သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တန်ဖိုးကျ၍ ဆုံးရှုံးမှု သုံးသပ်မှု တစ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး၊ ထိုသုံးသပ်မှုရလဒ်အရ တန်ဖိုးကျ၍ ဆုံးရှုံးမှုကို စာရင်းညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

| (ကျပ် '၀၀၀) | ၂၀၂၄ ခုနှစ်<br>စက်တင်ဘာလ ၃၀ ရက် | ၂၀၂၄ ခုနှစ်<br>မတ်လ ၃၁ ရက် | ပြောင်းလဲမှု<br>ရာခိုင်နှုန်းများ |
|---|---|---|---|
| **စုစုပေါင်းရှယ်ယာရှင်များ၏ပိုင်ဆိုင်ခွင့်များ** | ၈,၀၆၂,၅၃၈ | ၁၂,၁၂၅,၉၆၆ | -၃၃.၅% |

## ပြန်လည်သုံးသပ်ချက်များနှင့် အနာဂတ်မျှော်မှန်းချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာရေးကာလတွင် အမတဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (လုပ်ငန်းစု)သည် ဥက္ကဋ္ဌ၏ ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့် အဖွဲ့တို့၏ ယခင်အတွေ့အကြုံများပေါ် အခြေခံ၍ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ၅ နှစ်ကျော်ကာလဆက်တိုက် လုပ်ငန်းကို ဆက်လက်ရပ်တည်နိုင်၍ စိန်ခေါ်မှုများကို ကောင်းမွန်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ဆောင်မှုကဏ္ဍသည် လွန်ခဲ့သောနှစ်များအတွင်း ဖြစ်ပွားခဲ့သော ရာသီဥတုပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့ပွားမှု၏ နောက်ဆက်တွဲ သက်ရောက်မှုများ၊ မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသော ပြောင်းလဲမှုများကြောင့် ယင်း၏ ကဏ္ဍတိုးတက်မှုကို များစွာ အဟန့်အတား ဖြစ်စေခဲ့ပြီး၊ လုပ်ငန်းအုပ်စု၏ အနာဂတ် မျှော်မှန်းချက်များ၊ စီးပွားရေး လုပ်ငန်းများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း ရလဒ်များ၊ ဘဏ္ဍာရေး အခြေအနေများအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်စေခဲ့ပါသည်။ လုပ်ငန်းအုပ်စုအနေဖြင့် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများပြားသော မြန်မာ့ခရီးသွားလုပ်ငန်းနယ်ပယ်တွင် စီးပွားရေးရေရှည်တည်တံ့ ရပ်တည်နိုင်ရေးအတွက် ကြိုးစားလျှက် ရှိပါသည်။

လက်ရှိ ကြုံတွေ့နေရသော အခြေအနေများကြောင့် ဟိုတယ်အချို့ကို ပိတ်ထားရပါသော်လည်း ခရီးသည်ဝင်ရောက်မှုနှုန်း နည်းပါးသည့် မိုးရာသီကာလများ ဖြစ်သည့်အတွက် လုပ်ငန်းအုပ်စုအပေါ် သိသာစွာ အကျိုးသက်ရောက်ခြင်း မရှိသေးပါ။ သို့သော် လာမည့် ခရီးသွားရာသီတွင်လည်း မမျှော်မှန်းနိုင်သော အခြေအနေများဆက်လက်ဖြစ်ပေါ်လာနိုင်ပြီး၊ ကုမ္ပဏီအနေဖြင့် မိမိတို့၏ လုပ်ငန်းအုပ်စုအား ဤအခက်အခဲများကြားတွင် ရေရှည်တည်တံ့နိုင်ရေးနှင့် ပြောင်းလဲမှုနှင့်အညီ လုပ်ငန်းများအား အကောင်းမွန်ဆုံး လည်ပတ်နိုင်ရန်အတွက် အစီအမံများချမှတ်ထားပြီး အစုရှယ်ယာရှင်များ၏ အနာဂတ် အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့ ကိုယ်စား

ဦးဝင်းအောင်

ဥက္ကဋ္ဌ

# MANAGEMENT DISCUSSION AND ANALYSIS

*The following Management's Discussion and Analysis ("MD&A") discusses the financial condition and result for the six months ended 30 September 2024 in comparison with those for the six months ended 30 September 2023, for the Amata Holding Public Company Limited ("the Company" or "Group").*

*This discussion should be read in conjunction with the audited consolidated financial statements and accompanying notes contained therein for the period ended 30 September 2024 and 2023. Additional information relating to the Company, including the audited reviews and Interim consolidated financial statements Form for the periods ended 30 September 2024, and 30 September 2023, is available on https://www.amataholding.com/.*

*All financial information presented in this MD&A, including tabular amount, is in Myanmar Kyats unless otherwise specified.*

## Overview

The principal activities of the Company are Hospitality, Restaurants and Ballooning Services. The Company operates 5 Amata brand hotels and resorts across Myanmar and the business of operating hot air balloons under the Oriental Ballooning Service. 6 months period from 1 April 2024 to 30 September 2024 is the period which also falls into the low season for our business. Group revenues are lower in the low season from May to September than in the peak season from October to April. The company, thus, temporarily closed some hotel operations and ballooning service to take action to reduce the whole company's expenses.

## 1. Operating Results

The Group's operating performance for the interim financial period ended 30th September 2024 and the interim financial period ended 30th September 2023 are shown below.

| (Kyat'000) | **01-Apr-24 to 30-Sep-24 (6 months)** | **01-Apr-23 to 30-Sep-23 (6 months)** | **% Change** |
|---|---|---|---|
| **Operating Revenue** | | | |
| Room Sales | 133,667 | 744,101 | **-82%** |
| Passenger Income (Balloon) | - | - | |
| Food and Beverage | 74,523 | 328,315 | **-77%** |
| Other operating | 13,113 | 64,253 | **-80%** |
| **Total** | **221,303** | **1,136,669** | **-81%** |
| **Cost of Sales** | | | |

| | | | |
|---|---|---|---|
| Room and Balloon | 105,419 | 225,890 | **-53%** |
| Food and Beverage | 76,393 | 262,115 | **-71%** |
| Other operating | 5,631 | 7,955 | **-29%** |
| **Total** | **187,443** | **495,960** | **-62%** |
| **Gross Profit** | **33,860** | **640,709** | **-95%** |
| **Other Income** | **729** | **2,534** | **-71%** |
| **Other Expense** | **(619,844)** | **(904,612)** | **-31%** |
| **Impairment Loss** | **(1,338,923)** | **-** | **-** |
| **EBITDA** | **(1,924,178)** | **(261,369)** | **636%** |
| **EBIT** | **(2,591,048)** | **(987,254)** | **162%** |
| **Interest Expense** | **(1,484,337)** | **(979,717)** | **52%** |
| **(Loss) / Profit before Tax** | **(4,075,385)** | **(1,966,971)** | **107%** |
| **Total Comprehensive Income** | **(4,063,496)** | **(1,948,330)** | **109%** |

**Operating Revenue**

The Group's principal revenue comes from hotel and ballooning operations and revenue from food and beverage and others. The travelling and business activities are normally slowed during the 6 months low season period from 1 April 2024 to 30 September 2024 and, hot air balloon service business is not provided during the low season. The Group's total revenue in the current 6-month interim financial period was 81% less than that of the previous year's interim financial period.

**Cost of Sales**

The Group's cost of sales 187,442 (Kyat '000) in 1 April to 30 September 2024 decreased by 62% from the previous year same period. This reflects the Group controlled operating cost of crucial businesses which are kept at minimum.

**Other Expense**

Other expenses include Administrative and General Expenses, Selling expenses, Property operating and maintenance expenses, Utility costs and Exchange rate differential etc. The Group's other expenses (619,844) (Kyat '000) in 1 April to 30 September 2024 decreased by 31% from the same period last year. This decrease is primarily due to cost savings plans in which utilities costs and operations costs and expenses are kept at a minimum for optimum operational efficiency.

**Foreign Currency Exchange Gain/Loss**

As the Group's calculated foreign exchange rate to convert the receivables and payables expressed in foreign currency into Myanmar Kyats in preparing the current financial statements is based on the CBM reference rate which is the same as last year's calculated rate, the Group was able to greatly reduce the impact of exchange rate differential – unrealized which could result in the presentation of such currency conversion, and exchange rate differential – realized loss incurred by certain expenses paid in foreign currency was lower than that of previous year.

| (Kyat'000)<br>**Exchange Rate Differential** | **Financial period ended 30 Sep 2024** | **Financial period ended 30 Sep 2023** | **% Change** |
|---|---|---|---|
| Ex rate differential - realized | **10,706** | **30,821** | **-65.3%** |
| Ex rate differential - unrealized | **113** | **(17,376)** | **100.7%** |
| **Total** | **10,819** | **13,445** | **-19.5%** |

**Impairment Loss**

Amata Resort and Spa – Ngapali, operated by the Group's subsidiary – United International Group Limited, conducted an unscheduled impairment test in September 2024, resulting in the recognition of 1,338,923 (Kyat '000) for impairment loss.

**Interest Expense**

The Group's interest expenses for 1 April to 30 September 2024 reached 1,484,337 (Kyat '000), marking a 52% increase compared with the same period last year. This increase is due to the increase of borrowing interest rate of loan.

**Profit (loss) for the period**

During the 1 April to 30 September 2024 period, the Group had a net loss of (4,063,496) (Kyat '000) compared to (1,948,330) (Kyat'000) at the same period last year. This was mainly due to a significant drop in hotel operating revenue and temporary closure of some hotels which still have some type of fixed costs and Amata Resort and Spa – Ngapali, operated by United International Group Limited, conducted an unscheduled impairment test in September 2024.

## 2. Financial Condition

The management's review on the summary of Group's financial position as compared to the financial year ended 31st March 2024 is presented below.

***Non-Current Assets***

The Group's non-current assets mainly consist of property, plant and equipment for hotels and hot air balloon service businesses. A 4.2% decrease in non-current assets was attributable to the decrease in some of the non-current assets due to the impairment loss of "Amata Resort & Spa –Ngapali" which was caused by the residual effects of the Covid -19 pandemic and the recent changes in Rakhine State, and the depreciation and amortization of tangible and intangible assets used in hotels and hot air balloon service businesses.

| (Kyat'000) | **Financial period ended 30 Sep 2024** | **Financial year ended 31 March 2024** | **% Change** |
|---|---|---|---|
| **Non-current Assets** | **47,180,907** | **49,231,216** | **-4.2%** |

***Current Assets***

The Group's current assets comprise of inventory, account receivables, prepayment and advance, amount due from related parties, and cash and cash equivalents. Current assets were decreased by 31.4% between the interim financial period ended 30th September 2024 and previous financial year. It was attributable to keeping less inventory, being able to collect account receivables on time, and the decrease in cash balance due to significant drop in hotel operating revenue.

| (Kyat'000) | **Financial period ended 30 Sep 2024** | **Financial year ended 31 March 2024** | **% Change** |
|---|---|---|---|
| **Current Assets** | **191,050** | **278,405** | **-31.4%** |

***Current Liabilities***

The Group's major current liabilities include accounts payable for current portion of long-term borrowings, accrued expenses, tax payable, provision and deposit, amount due to related parties, and other liabilities, which consist of commission and other miscellaneous. Despite accounts payable were partially reduced by paying off some of the amount due to related parties, current liabilities were increased by 14% in the current interim financial period as compared to FY 2023-2024 mainly due to an increase in current portion of principal payment for the foreign currency loan, and an increase in some of the accounts payable resulting from the increased operating expenses.

| (Kyat'000) | Financial period ended 30 Sep 2024 | Financial year ended 31 March 2024 | % Change |
|---|---|---|---|
| **Current Liabilities** | **29,472,251** | **25,861,128** | **14.0%** |

***Non-Current Liabilities***

Non-current liabilities comprise of long-term borrowings, other non-current liabilities and finance lease obligation. By comparing the current interim financial period with the previous financial year, there was a 14.6% decrease in non-current liabilities and it was attributable to the reporting of long-term borrowing which will be due next year to current liabilities in accordance with the accounting standards.

| (Kyat'000) | Financial period ended 30 Sep 2024 | Financial year ended 31 March 2024 | % Change |
|---|---|---|---|
| **Non-current Liabilities** | **9,837,168** | **11,522,527** | **-14.6%** |

***Total Equity***

The total equity consists of share capital, retained earnings and non-controlling interest (NCI). For the current interim financial period ended 30th September 2024, the total equity was decreased by 33.5% as compared to the previous financial year. This decrease was mainly due to the loss for the period during 01 April 2024 to 30 September 2024 and Amata Resort and Spa – Ngapali, operated by United International Group Limited, conducted an unscheduled impairment test and the recognition of impairment loss in September 2024.

| (Kyat'000) | Financial period ended 30 Sep 2024 | Financial year ended 31 March 2024 | % Change |
|---|---|---|---|
| **Total Equity** | **8,062,538** | **12,125,966** | **-33.5%** |

## Review and Business Outlook

The interim financial period ended 30$^{th}$ September 2024 has marked that Amata Group has been able to adapt to the situations based on the leadership of our Chairman and past experience of the group management and operation teams, and has successfully overcome the challenges and continue the business for over five consecutive years.

Over the past years, events beyond our control such as climate changes, the residual effects of the COVID-19 pandemic, and recent changes in Myanmar were hampering the economic growth of travel, tourism and hospitality sector and the Group's future plans, businesses, results of operations, liquidity and financial

position were also adversely affected. We are striving to achieve business sustainability in Myanmar's tourism industry which is currently facing many challenges.

Although some of the hotels have to be closed in current situation due to unforeseen circumstances, there has not been a significant impact upon the Group due to being the rainy season in which tourist arrival rate is low. However, unexpected situations may still occur in the upcoming tourist season and the Company has put measures in place to ensure that the Group can be sustainable amidst these difficulties and to operate the businesses optimally in accordance with the changes. Last but not least, we will continue to do our best for the prospects of our shareholders.

On Behalf of the Board of Directors,

U Win Aung

Chairman